www.kelasa.org

ဓမ္မအမေးအဖြေ

၂၈။ ဗုဒ္ဓဝါဒ ပုတီးစိပ်ခြင်း

# ဗုဒ္ဓဝါဒ ပုတီးစိပ်ခြင်း

အရှင်မြတ် ဘုရား၊
ဗုဒ္ဓဘာသာဝင်တွေ ပုတီးစိပ်တာနဲ့ ပတ်သက်ပြီး ဘဝင်မကျ ဖြစ်နေပါသည်ဘုရား။ ပုတီးစိပ်တာဟာ ထေရဝါဒ ဗုဒ္ဓဘာသာ အဆုံးအမနှင့် ကိုက်ညီပါသလား။ ဗုဒ္ဓကိုယ်တိုင်ကကော ပုတီးစိပ်ဖို့ ညွှန်ကြားခဲ့ပါသလား။ အချို့ရိပ်သာဆရာတော်တွေက လူတွေကို ပုတီးစိပ်ဖို့ တားမြစ်တာဟာ မှန်ကန်ပါသလား အရှင်ဘုရား၊ သိပါရစေ။

ရွှေစင် (ယူကေ)

**ပုတီးစိပ်ခြင်းအစ**

ပါဠိတော်တွေမှာ ဗုဒ္ဓက ရဟန်းတွေကို လူတွေကို ပုတီးစိပ်ဖို့ ညွှန်ကြားတာ မရှိပါဘူး။ ပုတီးစိပ်ခြင်း အလေ့အကျင့်ကို ဗုဒ္ဓဝါဒီတို့ စခဲ့တာ မဟုတ်ဘူးလို့လဲ သုတေသီတို့ ဆိုပါတယ်။ ဘယ်အချိန်ကစပြီး ဘယ်လို နည်းနဲ့ ဗုဒ္ဓဝါဒီတို့ စတင် အသုံးပြုခဲ့တယ် ဆိုတာကို တော့ ကျယ်ကျယ်ပြန့်ပြန့် သုတေသန ပြုရဦးမှာပါ။ ရန်ကုန်က ပါလာခဲ့တဲ့ ဘုန်းကြီးရဲ့ မှတ်စု စာအုပ်ထဲမှာ အောက်ပါ လင်္ကာစာပိုဒ်တိုကို တွေ့ရလို့ သဲလွန်စ ကလေးတော့ ပေးလိုက်ပါတယ်။

'သုံးမည်ရတနာ၊ မကွာဆည်းကပ်၊ စွဲကြုပ်ပုတီး၊ သုံးသီးသီတင်း၊ မြဲစင်းလျှင်းလျှင်၊ နာခြင်းတရား၊ မှတ်သားနားဝင်၊ အပြည့်ထင်၏'

(ရွှေဟင်္သာမင်းပျို့၊ အပိုဒ် ၆၃)။

ရွှေဟင်္သာမင်းပျို့ကို အင်းဝခေတ် ရွှေနန်းကြော့ရှင်မင်း (မြန်မာနှစ် ၈၇၁။ ခရစ်နှစ် ၁၅၀၉) လက်ထက်မှာ အရှင်တေဇောသာရ မထေရ် ရေးစီခဲ့တာ ဖြစ်ပါတယ်။ ဒါကြောင့် ပုတီးစိပ်အလေ့အကျင့်ဟာ ဗုဒ္ဓဘာသာ အစဉ်အလာထဲမှာ အနည်းဆုံး နှစ်ပေါင်း တစ်ခုယုတ် ငါးရာ (၄၉၉ နှစ်၊ အမေရိကန် လွတ်လပ်ရေး သက်တမ်းရဲ့ နှစ်ဆကျော်) ကြာခဲ့ပြီပေါ့။

www.kelasa.org

**ဗုဒ္ဓဘာသာပုတီးစိပ်**

ဗုဒ္ဓဝါဒီတို့ရဲ့ ပုတီးစိပ်ဆိုတာက (များသောအားဖြင့်) ဗုဒ္ဓ ဂုဏ်ရည်ကို ပုတီးလုံးပေါ်မှာ စိတ်မှတ်နဲ့တင်ပြီး ပုတီးကို တစ်လုံးချင်းချတာ သို့မဟုတ် ဗုဒ္ဓါနုဿတိ ဘာဝနာပွား (ဗုဒ္ဓဂုဏ်ကို အဖန်ဖန် အောက်မေ့)တာ ဖြစ်ပါတယ်။ ဝိပဿနာလမ်းကို မဝင်နိုင်သေးသူတို့ရဲ့ သမာဓိထက်သန် အားကောင်းလာမှုကို များစွာ အထောက်အပံ့ပြုလို့ ဒီအစဉ်အလာကို ဗုဒ္ဓဝါဒီတို့ အရေးပေး လက်ခံလာခဲ့တာ ဖြစ်နိုင်ပါတယ်။ ဗုဒ္ဓါနုဿတိဆိုတာ ကောင်းမြတ်တဲ့ ဘာဝနာပါ။ ဗုဒ္ဓါနုဿတိ (ဗုဒ္ဓဂုဏ်ကိုပွားများခြင်း)ဟာ သမထ ဘာဝနာဖြစ်ပေမဲ့ အဖန်ဖန် ပွားများရင် ဝိပဿနာ ဘာဝနာ ဖြစ်သွားပြီး အရိယာဘုံကို ဆိုက်ရောက်နိုင်လို့ ဝိပဿနာ အကျိုးရှိတဲ့ ကမ္မဋ္ဌာန်း ဖြစ်ပါတယ် (အံ-ဋ္ဌ ၁၊ ၃၆၇)။ ဒါကြောင့် ပုတီးစိပ်ခြင်းဟာ ဗုဒ္ဓဝါဒနဲ့ မဆန့်ကျင်ဘူး သန္နာန်ချ မှတ်သင့်ပါတယ်။

**ရိပ်သာဆရာတော်တွေရဲ့ ဩဝါဒ**

ရိပ်သာဝင် တရားထိုင်နေစဉ်မှာ ပုတီးစိပ်သလိုလို၊ စာဖတ်သလိုလို လုပ်နေရင် တရားအမှတ် တက်နိုင်ပါ့မလား။ ရိပ်သာဆရာတော်တွေ သင်ပေးတာကိုသာ လိုက်နာပြီး တရားရှုမှတ်တာကိုပဲ စူးစူးစိုက်စိုက် လုပ်ပါမှ ယောဂီတွေ တရားတက်မှာပေါ့။ ဒါကြောင့် မည်သည့်ရိပ်သာမှာမဆို မိမိတို့ရိပ်သာက သင်ပေးတာ ကိုသာ လုပ်စေလိုတဲ့ ရည်ရွယ်ချက်နဲ့ ပုတီးမစိပ်ဖို့ တားမြစ်တာ ဖြစ်နိုင်ပါတယ်။ □